Burmese | မြန်မာ

# သားအိမ်ခေါင်း စစ်ဆေးခြင်း – သင် စစ်ဆေးနိုင်သည့်နည်းလမ်းများကို ရှင်းပြထားပါသည်

5 နှစ်တစ်ကြိမ် သားအိမ်ခေါင်း စစ်ဆေးခြင်းသည် သင်နှင့် သင့်မိသားစုအား ကျန်းမာနေစေရန် အထောက်အကူပြုပါမည်။


Australian Government

NATIONAL CERVICAL SCREENING PROGRAM
A joint Australian, State and Territory Government Program

Government of Western Australia
North Metropolitan Health Service
WA Cervical Cancer Prevention Program



1. သားအိမ်ခေါင်းကင်ဆာ ရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးခြင်းသည် သင်က **သင့်အတွက်ရော၊ သင့်မိသားစုပါ ကျန်းမာစွာ ရှိနေစေရန်**အတွက် သင့်ကိုယ်သင် သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ရေးအတွက် အကောင်းဆုံးနည်းလမ်း တစ်ခု ဖြစ်ပါသည်။



2. ဤစစ်ဆေးမှုသည် သားအိမ်ခေါင်းကင်ဆာ ရောဂါ ဖြစ်စေနိုင်သည့် (HPV) ဟု ခေါ်ကြသည့် ဗိုင်းရပ်စ် ရှိနေ၊မနေ **5 နှစ်တစ်ကြိမ် အချိန်တိုတို** သင် **စစ်ဆေးသည့်နည်း** ဖြစ်ပါသည်။




3. အကယ်၍သင်သည် အသက် 25 နှစ်မှ 74 နှစ် အတွင်း အမျိုးသမီးတစ်ယောက် သို့မဟုတ် သားအိမ်ခေါင်းရှိသောသူတစ်ယောက် ဖြစ်ပါက သင့်အနေနှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးရန် **သင်ကုနေကျ ဆရာဝန် သို့မဟုတ် သူနာပြုနှင့် ဆွေးနွေးပါ။**



4. သင့်မှာ သားအိမ်ခေါင်းကင်ဆာ ရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးရန် နည်းလမ်း **ရွေးချယ်နိုင်**ပါသည်။ ရွေးချယ်ရန် နည်းလမ်း 2 သွယ်ရှိပြီး သင့်အတွက် အဆင်ပြေမည့် နည်းလမ်းကို ရွေးနိုင်ပါသည်။




5. **သင့်ဆရာဝန် သို့မဟုတ် သူနာပြုက သင့်အတွက် စမ်းသပ်စစ်ဆေးမှု ပြုလုပ်ပေးနိုင်ပါသည်။** လုံခြုံပြီး အကာအကွယ်ရှိသောနေရာတွင် သင့်အဝတ်အစား ခါးအောက်ပိုင်းကို ချွတ်ခိုင်းပြီး အိပ်ရာခင်းတစ်ခု၏ အောက်တွင် လဲလျောင်းခိုင်းပါလိမ့်မည်။




6. ဆရာဝန် သို့မဟုတ် သူနာပြုက သင့် သားအိမ်ခေါင်းမှ နမူနာယူပါလိမ့်မည်။ ဤသို့ပြုလုပ်ခြင်းသည် အနည်းငယ် ကသိကအောက် ဖြစ်နိုင်သော်လည်း နာကျင်မှု မဖြစ်စေပါ။ အချိန်အားဖြင့် မိနစ်အနည်းငယ်သာ ကြာမြင့်ပါလိမ့်မည်။





7. သို့ မဟုတ် **သင်ကိုယ်တိုင် နမူနာ ရယူ နိုင်ပါသည်။** သင့်ဆရာဝန် သို့မဟုတ် သူနာပြုက သင်ကိုယ်တိုင် နမူနာ ရယူရန်နည်းလမ်းကို ရှင်းပြပြီး လုံခြုံ၍ အကာအကွယ်ရှိသောနေရာတစ်ခု ပြပေးပါလိမ့်မည်။
သင်ကိုယ်တိုင် နမူနာ ရယူရေးအတွက် အထောက်အကူဖြစ်စေရန် သင့်ဆရာဝန် သို့မဟုတ် သူနာပြုအား ဤကဲ့သို့သော နောက်ထပ် နည်းလမ်းကို ရှင်းပြခိုင်းပါ။



8. ရွေးချယ်ရန်နည်းလမ်း နှစ်ခုစလုံးမှာ သားအိမ်ခေါင်းကင်ဆာ ရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးရန် ဘေးကင်းသည့်နည်းများ ဖြစ်ကြပါသည်။ အကယ်၍သင် ဆရာဝန် သို့မဟုတ် သူနာပြုကို အမျိုးသမီးဖြစ်စေလိုပါက သင် တောင်းဆိုနိုင်ပါသည်။

သင့်ဆရာဝန် သို့မဟုတ် သူနာပြုနှင့် ဆွေးနွေးလိုပါက **ရက်ချိန်း တောင်းပါ။** သင့်အနေနှင့် -

- သားအိမ်ခေါင်းကင်ဆာ ရောဂါ ရှိ၊မရှိ စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ပိုမိုသိလိုပါက **health.gov.au/NCSP-multicultural** တွင် ကြည့်ပါ။
- (တစ်နိုင်ငံလုံး) **1800 627 701** ကိုဖုန်းဆက်ပါ သို့မဟုတ် **(WA) (08) 6458 1740** ကိုဖုန်းဆက်ပါ။
- သင့်ဘာသာစကားဖြင့် အကူအညီရရန်အတွက် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (Translating and Interpreting service) (TIS National) ဖုန်း **13 14 50** ကို ဖုန်းဆက်ပါ။